# အာရက္ခရေးရာအထူးလေ့လာချက်

## ဆက်သွယ်ရေးပြတ်တောက်မှုကြားက ရခိုင်ပြည်သူတွေရဲ့ လူမှုစီးပွါးဘဝ

**အမှတ်စဉ် (၃)၊ ၂၀၂၄**
**ဆက်သွယ်ရေးကဏ္ဍ**



ရခိုင်ပြည်တွင်း အင်တာနက်လိုင်းပြတ်တောက်နေမှုကြောင့် ဆက်သွယ်ရေးအခက်အခဲကြုံနေရသော ပြည်သူများအားတွေ့ရစဉ် *(ဓာတ်ပုံ- Western News)*

**မတ် ၃၀၊ ၂၀၂၄ ခုနှစ်**

## ၁။နိဒါန်း

| | |
|---|---|
| (က) အဓိကအကြောင်းအရာ | ဆက်သွယ်ရေးပြတ်တောက်မှုနှင့် ဆက်နွယ်သော ရခိုင်ပြည်သူများ၏ လူမှုဘဝဆိုင်ရာ စိန်ခေါ်မှုများ |
| (ခ) နယ်မြေဒေသ | ရခိုင်ပြည်အတွင်းရှိ မြို့နယ် (၁၇) မြို့နယ်လုံး |
| (ဂ) အချိန်ကာလ | ၂၀၂၃ ခုနှစ် နိုဝင်ဘာလ မှ ၂၀၂၆ ဖေဖော်ဝါရီလ ထိ |

ရခိုင်ပြည်အတွင်း တကျော့ပြန် တိုက်ပွဲများ ပြင်းထန်လာသည့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစတင်ကာ ဖုန်းနှင့် အင်တာနက် ဝန်ဆောင်မှုများကို အကန့်အသတ်ဖြင့်သာ ရရှိခဲ့ပြီး ၂၀၂၄ ခုနှစ် နောက်ပိုင်းမှ စ၍ ရခိုင်တပြည်လုံး အတိုင်းအတာဖြင့် ဖုန်းလိုင်း၊ အင်တာနက်လိုင်းများ အလုံးစုံ ပြတ်တောက်ခဲ့သည်။ ယင်းကဲ့သို့ ဆက်သွယ်ရေး ပြတ်တောက်မှုများသည် စစ်ရေး၊ လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များအပြင် စက်သုံးဆီရရှိနိုင်မှုနှင့် ဆက်နွယ်နေသော်လည်း ဒေသခံပြည်သူများ၏ သတင်းအချက်အလက် ရယူနိုင်မှုကို ကန့်သတ်စေပြီး နေ့စဉ်လူမှုဘဝအပေါ် ထိခိုက်မှုများကို ပိုမိုမြင့်တက်စေခဲ့သည်။

ဤကဲ့သို့ တိုက်ပွဲအခြေအနေများနှင့် ဆက်နွယ်လျက်ရှိသော ဆက်သွယ်ရေးပြတ်တောက်မှုများသည် ရခိုင်ပြည်သူများ၏ လူမှုဆက်ဆံရေး၊ စီးပွားရေးလုပ်ငန်းများနှင့် နေ့စဉ်ဘဝလှုပ်ရှားမှုများအပေါ် ကျယ်ပြန့်စွာ သက်ရောက်လျက်ရှိသည်။ ထို့အပြင် ဒေသတွင်းပရဟိတအဖွဲ့များ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများမှာလည်း ဆက်သွယ်ရေးပြတ်တောက်မှုများကြောင့် အဖွဲ့အစည်းတွင်း ဆက်သွယ်ရေးအကူအညီပေးမှုများကို အချိန်မီစွာ တုန့်ပြန်ဆောင်ရွက်နိုင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းဆောင်တာများအတွက် များစွာအခက်အခဲဖြစ်စေသည်။

သို့ဖြစ်ပါ၍ ယခု လေ့လာချက်သည် ဒေသတွင်း မီဒီယာဖော်ပြချက်များ၊ လူမှုရေးအဖွဲ့အစည်းများ၏ အစီရင်ခံစာများနှင့် ဒေသခံပြည်သူများ၏ အတွေ့အကြုံများကို အခြေခံ၍ ဆက်သွယ်ရေးပြတ်တောက်မှုကြားတွင် ပြည်သူလူထု၏ နေ့စဉ်ဘဝအပေါ် ဖြစ်ပေါ်နေသော သက်ရောက်မှုများကို လေ့လာဆန်းစစ်တင်ပြထားခြင်း ဖြစ်သည်။

## ၂။ အချက်အလက်အကျဉ်းချုပ်

၂၀၂၃ နိုဝင်ဘာလ

### (က) ရခိုင်မြို့နယ်တချို့တွင် MPT ဖုန်လိုင်းများ စတင်ပြတ်တောက်

ရခိုင်ပြည် အမ်း၊ မြေပုံ၊ ပေါက်တော နှင့် မာန်အောင်မြို့နယ်ရှိ ဒေသတချို့တွင် စက်သုံးဆီပြတ်လပ်မှုကြောင့် ဆက်သွယ်ရေး တာဝါတိုင်များ မလည်ပတ်နိုင်တော့ဘဲ MPTဖုန်းလိုင်းနဲ့ အင်တာနက်လိုင်းများ ပြတ်တောက်နေကြောင်းသိရသည်။

၂၀၂၃ ဒီဇင်ဘာလ

### (ခ) ရခိုင်မြို့အများစု ဖုန်းနှင့် အင်တာနက်လိုင်းများ ပြတ်တောက်၊ Mytel တစ်ခုသာ အသုံးပြုနိုင်

မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ အမ်း၊ တောင်ကုတ်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ မြေပုံနှင့် ပေါက်တောမြို့နယ်များတွင် ဖုန်းနှင့် အင်တာနက်လိုင်းများ ပြတ်တောက်နေပြီး Mytelဖုန်းလိုင်းတစ်ခုသာ အသုံးပြုနိုင်နေသည်။ ယင်းပြတ်တောက်မှုသည် ဆက်သွယ်ရေးတာဝါတိုင်များအတွက် စက်သုံးဆီမဖြည့်နိုင်ခြင်း၊ မြေအောက်ကေဘယ်လိုင်းများ ပြတ်တောက်နေခြင်းနှင့် ပြုပြင်ခွင့်မရခြင်းတို့ကြောင့် ဖြစ်ကြောင်းသိရသည်။ ထို့အပြင် ဒေသခံများပြည်သူများ ပြောကြားချက်အရ စစ်ကောင်စီက အင်တာနက်အမြန်နှုန်းကို လျှော့ချထားသောကြောင့် ဆက်သွယ်ရေးအသုံးပြုမှု ခက်ခဲနေကြောင်း သိရသည်။

၂၀၂၄ ဇန်နဝါရီ

### (ဂ) ရခိုင်တွင် ဆက်သွယ်ရေး လိုင်းများ ပိုမိုဖြတ်တောက်လာ

ပုဏ္ဏားကျွန်းမြို့နယ်နှင့် စစ်တွေမြို့တို့တွင် ဖုန်းနှင့် အင်တာနက်လိုင်းများကို ပိုမိုတင်းကြပ်စွာ ဖြတ်တောက်ခြင်းခံလာရသည်။ စစ်တွေတွင် fiber အင်တာနက်လုံးဝဖြတ်တောက်ခံထားခဲ့ရပြီး၊ ဌာနဆိုင်ရာ ရုံးတချို့တွင်သာ မိုဘိုင်းဒေတာ အင်တာနက်ကို အကန့်အသတ်ဖြင့် အသုံးပြုခွင့်ရနေသည်။ ပုဏ္ဏားကျွန်းမြို့တွင်လည်း Ooredoo နှင့် စစ်တပ်ပိုင် Mytel ကွန်ရက်များတွင်သာ ဖုန်းခေါ်ဆိုမှု အသုံးပြုနိုင်သော်လည်း အင်တာနက်ဝန်ဆောင်မှုကိုမူ လုံးဝဖြတ်တောက်ထားသည်။

၂၀၂၄ အောက်တိုဘာ

### (ဃ) ရခိုင်တပြည်လုံး ဖုန်းနှင့် အင်တာနက်လိုင်းများ လုံးဝ ပြတ်တောက်

တကျော့ပြန်တိုက်ပွဲများစတင်ဖြစ်ပွားသည့် အစောပိုင်းကာလများတွင် ရခိုင်ပြည်ရှိ မြို့နယ်များ၏ တချို့သော ဒေသများတွင် ဆက်သွယ်ရေးလိုင်းများ ရံဖန်ရံခါ ရရှိခဲ့သော်လည်း၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်မှ စတင်ကာ ရခိုင်တပြည်လုံးအတိုင်းအတာဖြင့် ဖုန်းနှင့် အင်တာနက်လိုင်းများ လုံးဝပြတ်တောက်သွားခဲ့သည်။

၂၀၂၄ အောက်တိုဘာ

### (င) ရခိုင်တွင် ဆက်သွယ်ရေးပြတ်တောက်မှုကြောင့် သတင်းမှားများ ပျံ့နှံ့ပြီး လုံခြုံရေးစိုးရိမ်မှုများ မြင့်တက်နေ

ရခိုင်ပြည်တွင် ဆက်သွယ်ရေးဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ လုံးဝပြတ်တောက်နေခြင်းကြောင့် ပြည်သူများအနေဖြင့် တိုက်ပွဲနှင့် လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များကို အချိန်မီ မသိရှိနိုင်ဘဲ တဆင့်ခံသတင်းများမှသာ သိရရာ သတင်းမှားများ ပိုမိုပျံ့နှံ့လာနေသည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှုများနှင့် ပတ်သက်သည့် သတိပေးသတင်းများ မရရှိနိုင်ခြင်းကြောင့် အရပ်သားများ၏ လူမှုဘဝလုံခြုံရေးအန္တရာယ်များ ပိုမိုမြင့်တက်လာနေသည်။

၂၀၂၅ ဇွန်လ

### (စ) ရခိုင်က ပြည်သူ ၉၆ ရာခိုင်နှုန်း အင်တာနက်နှင့် ဖုန်းလိုင်း သုံးစွဲခွင့် မရကြ

ရခိုင်ဒေသတွင်းရှိ ပြည်သူ ၉၆ ရာခိုင်နှုန်းခန့်သည် ဖုန်းနှင့် အင်တာနက်လိုင်းများ သုံးစွဲခွင့်မရရှိဘဲ ဆက်သွယ်ရေး ပြတ်တောက်နေသည်။ တချို့ဒေသများတွင် စတားလင့် အင်တာနက်သုံးစွဲခွင့်ကို အကန့်အသတ်ဖြင့် ခွင့်ပြုထားသော်လည်း ကုန်ကျစရိတ်မြင့်မားပြီး၊ အသုံးပြုချိန် ကန့်သတ်ထားသောကြောင့် သတင်းသိပိုင်ခွင့်နှင့် နေ့စဉ် လုပ်ငန်းဆောင်တာများ လည်ပတ်နိုင်ရေး အခက်အခဲဖြစ်နေသည်။

၂၀၂၅ ဇွန်လ

### (ဆ) အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရမှ ဆက်သွယ်ရေး ဝန်ဆောင်မှုပေး

အာရက္ခတပ်တော်ထိန်းချုပ်ရာဒေသများတွင် အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရမှ Starlink အင်တာနက်စင်တာများဖွင့်လှစ်ထားပြီး ပြည်သူများကို အခကြေးငွေဖြင့် ဝန်ဆောင်မှုပေးလျက် ရှိသည်။ သို့ရာတွင် ဒေသအလိုက် အင်တာနက်ဝန်ဆောင်ခ အခကြေးငွေ ကွာခြားခြင်း၊ အချိန်အကန့်အသတ်ဖြင့်သာ အသုံးပြုရခြင်းနှင့် အင်တာနက်အရည်အသွေးမကောင်းမှုများကြောင့် ပြည်သူများအတွက် အဆင်မပြေမှုများရှိနေကြောင်း သိရှိရသည်။

၂၀၂၅ ဇူလိုင်

### (ဇ) ရခိုင်တွင် Starlink အင်တာနက်အသုံးပြုခ တပြေးညီ သတ်မှတ်

ရခိုင်ဒေသတွင် Starlink အင်တာနက်အသုံးပြုခကို ဇူလိုင် ၂၀၂၅ မှစ၍ တစ်နာရီလျှင် ၂၀၀၀ ကျပ်နှုန်းသို့ လျှော့ချသတ်မှတ်ခဲ့ပြီး ယခင် ၅၀၀၀ ကျပ်ထက် ဈေးနှုန်းကျဆင်းလာသည်။ ထို့ကြောင့် ပြည်သူများအတွက် ဆက်သွယ်ရေးပိုမိုလွယ်ကူလာသော်လည်း နေရာတိုင်းတွင် Starlink အင်တာနက် မရရှိသေးသဖြင့် ကျေးလက်ဒေသများတွင် အင်တာနက်လက်လှမ်းမှီနိုင်မှု နည်းပါးနေဆဲဖြစ်သည်။

၂၀၂၅ ဩဂုတ်

**(ဈ) အင်တာနက်အသုံးပြုရန် သွားစဉ် လှေမှောက်ပြီး မိသားစုဝင် ၃ ဦးသေ၊ ၁ ဦးပျောက်နေ**

ပလက်ဝမြို့နယ်၊ ခွေးခေါင်းကျေးရွာ မှ မြောက်ဦးမြို့နယ်သို့ အင်တာနက်အသုံးပြုရန် သွားသည့် မိသားစုသည် လေးမြို့မြစ် အထက်ပိုင်းတွင် ဟွန်ဒါစက်လှေမှောက်ပြီး မိသားစုဝင် (၄) ဦး အသက်ဆုံးရှုံးခဲ့ရသည်။

၂၀၂၅ ဩဂုတ်

**(ည) လေကြောင်းအန္တရာယ်ကြောင့် စတားလင့်အင်တာနက်ဝန်ဆောင်မှု ULA/AA မှ ယာယီပိတ်ပင်**

မြောက်ဦး၊ မင်းပြား၊ ပေါက်တောနှင့် ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာတချို့ကို စစ်ကော်မရှင်တပ်မှ လေကြောင်းတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ခြင်းကြောင့် အာရက္ခတပ်တော် ထိန်းချုပ်ရာဒေသများတွင် စတားလင့်အင်တာနက်ဝန်ဆောင်မှုကို ယာယီပိတ်ပင်ခဲ့ရသည်။

၂၀၂၅ စက်တင်ဘာ

**(ဋ) စစ်ကော်မရှင်တပ် ထိန်းချုပ်ရာမြို့များတွင် ဖုန်းလိုင်း အကန့်အသာဖြင့်သာရနေ**

စစ်ကော်မရှင်တပ်များ အုပ်ချုပ်ထားဆဲ စစ်တွေမြို့တွင် ၂၀၂၅ ခုနှစ် ဩဂုတ်လ တတိယပတ်ခန့်မှ Mytel ဖုန်းလိုင်းများကို ပြန်လည်အသုံးပြုခွင့်ပေးခဲ့သော်လည်း တစ်ပတ်ခန့် အကြာ စက်တင်ဘာ (၂) ရက်နေ့တွင် ဖုန်းလိုင်း ပြန်လည်ပြတ်တောက်သွားကြောင်း သိရသည်။ တကျော့ပြန်တိုက်ပွဲများ စတင်ပြီးနောက်ပိုင်းမှ စတင်ကာ မာန်အောင်မြို့တွင် MEC ဖုန်းလိုင်း၊ စစ်တွေတွင် MPT နှင့် Mytel ဖုန်းလိုင်း နေရာကွက်ကျားရရှိနေပြီး ကျောက်ဖြူတွင်လည်း MPT ဖုန်းလိုင်းတခုသာရရှိကြောင်း သိရသည်။

၂၀၂၅ အောက်တိုဘာ

**(ဌ) စစ်ကော်မရှင်၏ ရွေးကောက်ပွဲ မက်လုံး နှင့် MPT ဖုန်းလိုင်း**

စစ်ကော်မရှင် ထိန်းချုပ်ရာ မာန်အောင်မြို့တွင် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးလုပ်ငန်းများ အဆင်ပြေစေရန် အောက်တိုဘာ ၁၀ ရက်နေ့မှစ၍ မာန်အောင်မြို့နှင့် အနီးတဝိုက်ကို MPTဖုန်းလိုင်းများ ပြန်ဖွင့်ပေးကြောင်း သိရသည်။ သို့ရာတွင် အဆိုပါ ဆက်သွယ်ရေးလိုင်းများသည် မာန်အောင်မြို့ပေါ်ရပ်ကွက်များနှင့် မြို့ပြင် (၂) မိုင်ခန့်အကွာအဝေးအထိသာ အသုံးပြု၍ရပြီး၊ Sim Card ဈေးများလည်း အဆမတန်မြင့်တက်နေကြောင်း သိရသည်။

၂၀၂၆ ဇန်နဝါရီ

## (၃) အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရ၏နည်းပညာဌာနမှ စတားလင့်အင်တာနက် ငှားရမ်းသုံးစွဲခွင့် ပြဋ္ဌာန်းချက် ထုတ်ပြန်

ရခိုင်ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာရရှိမှုမြင့်တင်ရေး၊ အများပြည်သူစီးပွားရေးလုပ်ငန်းများ၊ ငွေလွှဲ/ထုတ်ဝန်ဆောင်မှုလုပ်ငန်းများ၊ သတင်းဌာနများနှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများအတွက် သတင်းစီးဆင်းမှုချောမွေ့စေရန် ရည်ရွယ်ချက်ဖြင့် အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရ၊ နည်းပညာဌာနမှ စတားလင့်အင်တာနက်စက်များငှားရမ်းခြင်း ပြဋ္ဌာန်းချက်ကို ၂၀၂၆ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ပြဋ္ဌာန်းချက် တွင် ငှားရမ်းသုံးစွဲမှုကို ကဏ္ဍ (၄) မျိုး ခွဲထားသည်။ ၎င်းတို့မှာ

| စဉ် | ငှားရမ်းသုံးစွဲမှု အမျိုးအစား | သတ်မှတ်ချက် |
|---|---|---|
| ၁။ | နည်းပညာဌာနပိုင် အင်တာနက်လိုင်းခွဲများကို အခကြေးငွေပေး၍ တပ်ဆင်အသုံးပြုခြင်း | စရံငွေ ကျပ် ၅ သိန်း နှင့် ကြိုးတပ်ဆင်မှု အတွက် ကြိုးအရှည်အကွာအဝေး အလိုက် ပေးဆောင်ရမည်။ ထို့အပြင် အင်တာနက်ဘေလ်ကို သုံးစွဲသည့် ပတ်ကော့ရှ် နှင့် လုပ်ငန်း အမျိုးအစား ပေါ်မူတည်၍ပေးဆောင်ရမည် |
| ၂။ | နည်းပညာဌာနပိုင် စတားလင့်အင်တာနက်စက်ကို ငှားရမ်းအသုံးပြုခြင်း | စက် တပ်ဆင်ကြေး ကျပ် သိန်း (၂၀)၊ စရံငွေ ကျပ်သိန်း (၅၀) အပြင် ငှားရမ်းသုံးစွဲခ အတွက် လစဉ်ကြေး ကျပ် (၁၀) သိန်း ကို နိုင်ငံတကာ ငွေလဲလှယ်နှုန်းကို အခြေခံ၍ (၃) လစာ ကြိုတင်ပေးဆောင်ရမည် |
| ၃။ | ပြင်ပမှ ဝယ်ယူထားသော ပုဂ္ဂလိကစတားလင့်အင်တာနက်စက်ကို နည်းပညာဌာနတွင် မှတ်ပုံတင်ပြီး အသုံးပြုခြင်း | စတားလင့်စက် မှတ်ပုံတင်ကြေး ကျပ် သိန်း (၂၀) နှင့် လစဉ်ကြေး (၃) လစာအတွက် ကျပ် ၁၀ သိန်းကို ကြိုတင်ပေးဆောင်ရမည် |
| ၄။ | အစိုးရနှင့်ပူးပေါင်း၍ အများပြည်သူသုံး အင်တာနက်စင်တာများ ဖွင့်လှစ်အသုံးပြု | လုံခြုံရေးအရ ယုံကြည်ရပြီး အာရက္ခတိုင်းပြည်အား တစ်ဖက်တစ်လမ်းမှအကျိုးပြုသူဖြစ်ကြောင်း ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်၊ အာရက္ခတပ်တော်၊သက်ဆိုင်ရာဌာနတစ်ခုခု၏ ထောက်ခံချက်ရရှိသူများ လျှောက်ထားနိုင် |

စတားလင့်အင်တာနက်ငှားရမ်းသုံးစွဲလိုသူများအနေဖြင့် အမျိုးသားမှတ်ပုံတင်၊ ရပ်ကွက်/ရွာအုပ်ချုပ်ရေးမှူး ထောက်ခံစာဖြင့် ၂၀၂၆ ခုနှစ် မတ် လ နောက်ဆုံးထား၍ လျှောက်ရမည်ဟု ဖော်ပြထားသည်။ သို့ရာတွင် ငှားရမ်းသုံးစွဲခွင့်ကို မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်မည်ကို ဖော်ပြထားခြင်းမရှိပေ။

၂၀၂၆ ဇန်နဝါရီ

**(ဃ) စတားလင့် အင်တာနက် သုံးစွဲရာနေရာကို စစ်ကော်မရှင်တပ်မှ ဗုံးကြဲ**

ပုဏ္ဏားကျွန်းမြို့နယ် ပက်ခွက်ဆိပ်ကျေးရွာအနီးရှိ Starlinkအင်တာနက်အသုံးပြုရာနေရာကို စစ်ကော်မရှင်တပ်မှ ပေါင် ၃၀၀ ဗုံး ၃ လုံးဖြင့် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ လူထိခိုက်သေဆုံးမှု မရှိခဲ့သော်လည်း အဆောက်အဦးများပျက်စီးပြီး ဒေသခံများ ထိတ်လန့်ကာ နေရာရွှေ့ပြောင်းမှုများ လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။

၂၀၂၆ ဖေဖော်ဝါရီ

**(ဏ) ရခိုင်တွင် အင်တာနက်အခက်အခဲကြောင့် အရေးပေါ်အကူအညီပေးရာတွင် နှောင့်နှေးမှုများရှိနေ**

အာရက္ခတပ်တော် ထိန်းချုပ်သည့် နေရာများတွင် အင်တာနက်နှင့် ဖုန်းလိုင်းများ ပြတ်တောက်နေသောကြောင့် အရေးပေါ် လူမှုကူညီရေးနှင့် လူသားချင်းစာနာထောက်ပံ့ရေးလုပ်ငန်းများတွင် ထိခိုက်နှောင့်နှေးမှုများ ဖြစ်ပေါ်နေပြီး၊ အရပ်ဖက်အဖွဲ့အစည်းများသည် အများပြည်သူ အင်တာနက်စင်တာသို့ သွားရောက်အသုံးပြုရခြင်းကြောင့် အကူအညီရရှိမှုအပေါ်မူတည်၍ နှစ်နာမှုများနှင့် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

## ၃။တွေ့ရှိချက်များ

၁။ ရခိုင်ပြည်အတွင်း တကျော့ပြန်တိုက်ပွဲများ စတင်ခဲ့သည့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ စ၍ ဆက်သွယ်ရေးကွန်ရက်များမှာ သိသိသာသာ ကန့်သတ်ခံလာရပြီး၊ အဆိုပါ ဖုန်းနှင့် အင်တာနက်လိုင်းပြတ်တောက်မှုသည် တိုက်ပွဲကာလအတွင်း နိုင်ငံရေးထိန်းချုပ်မှု (political control)၊ လုံခြုံရေးအန္တရာယ် (security risk) နှင့် နည်းပညာဆိုင်ရာ အကန့်အသတ်များ (technological limitations) စသည့်အခြေအနေများမှ ထွက်ပေါ်လာသော 'ပေါင်းစပ်နှောင့်ယှက်ခံရခြင်းပုံစံ' (hybrid disruption pattern) တစ်ခုဖြစ်ပေါ်လာကို လေ့လာတွေ့ရှိရသည်။

၂။ တိုက်ပွဲပြင်းထန်ရာ ဒေသများတွင် အစောပိုင်းကာလတွင် ဖုန်းတာဝါတိုင်များ လက်နက်ကြီးထိမှန်၍ ပျက်စီးခြင်း၊ လျှပ်စစ်မီးမရရှိခြင်းနှင့် စက်သုံးဆီများ အလွယ်တကူ မရရှိနိုင်ခြင်းတို့ကြောင့် ဆက်သွယ်ရေးလုပ်ငန်းများ ပုံမှန်အတိုင်း လည်ပတ်နိုင်ခြင်းမရှိ၍ ဖုန်းလိုင်းများ အကန့်အသတ်ဖြင့် ဖွင့်ပေးခြင်း၊ အင်တာနက် အမြန်နှုန်းလျှော့ချခြင်းတို့ကို စစ်ကော်မရှင်ဖက်မှ လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရသည်။ သို့ရာတွင် အာရက္ခတပ်တော်မှ မြို့များသိမ်းယူပြီးနောက်ပိုင်းတွင်မူ အဆိုပါဒေသများအတွက် ဖုန်းနှင့် အင်တာနက် ဆက်သွယ်ရေးကို အလုံးစုံဖြတ်တောက်ခဲ့သည်။ ယခုလက်ရှိတွင်လည်း စစ်ကော်မရှင်တပ်များ ထိန်းချုပ်ရာ မြို့ (၃) ခုတွင် အင်တာနက်ဆက်သွယ်ရေးကို အလုံးစုံကန့်သတ်ထားသည်ကိုတွေ့ရပြီး ရွေးကောက်ပွဲကာလအတွင်း နိုင်ငံရေးရည်ရွယ်ချက်ဖြင့်သာ အဆိုပါ မြို့ (၃) မြို့တွင် ဖုန်းလိုင်းများ ပြန်ဖွင့်ပေးခဲ့သည်ကို တွေ့ရသည်။

၃။ ဆက်သွယ်ရေးလိုင်းများ မရရှိခြင်းကြောင့် ပြည်သူများအနေဖြင့် ခိုင်လုံသော သတင်းအရင်းမြစ်များကို လက်လှမ်းမမီတော့သည့်အတွက် တဆင့်ခံ သတင်းမှားများ နှင့် သတင်းတုများ၏ သားကောင်ဖြစ်လာရသည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှု (သို့မဟုတ်) လက်နက်ကြီးပစ်ခတ်မှုများအတွက် ကြိုတင်သတိပေး ချက်များကို မရရှိနိုင်သဖြင့် အရပ်သားများ ဘေးလွတ်ရာသို့ အချိန်မီ ထွက်ပြေးတိမ်းရှောင်နိုင်ရန် ခက်ခဲသွားပြီး ထိခိုက်သေဆုံးမှုနှုန်း ပိုမိုမြင့်မားလာစေသည်။

၄။ ဖုန်းနှင့်အင်တာနက် ဖြတ်တောက်ခံရခြင်းသည် ဒေသအတွင်း လူမှုစီးပွါးနှင့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေး လုပ်ငန်းများကို နှောင့်နှေးစေသည်။ မိသားစုအတွင်း၌ ပြည်ပ (သို့မဟုတ်) နိုင်ငံရပ်ခြားတွင် အလုပ်လုပ်နေသော ဝင်ငွေရှာဖွေပေးနေသူများမှ ပြန်ပို့ငွေ (remittances) နိုင်ရန်အတွက် အခက်အခဲပိုမိုကြီးမားလာရပြီး၊ မိသားစုရှင်သန်ရပ်တည်ရေးအထိပါ စိန်ခေါ်လာသည်ကို တွေ့ရသည်။ လူသားချင်းစာနာမှုလုပ်ငန်းများတွင်လည်း မြေပြင်ရှိ အရေးပေါ်လိုအပ်ချက်များကို အချိန်နှင့် တပြေးညီ မသိရှိနိုင်သဖြင့် ဒေသခံပြည်သူများထံ ရောက်ရှိမည့် အကူအညီများကို အဟန့်အတားဖြစ်စေကာ မဖြစ်သင့်သော အသက်ဆုံးရှုံးမှုများကို ဆက်လက်မြင့်တက်စေသည်။ လူငယ်များအတွက် ဘဝတိုးတက်ရေးဆိုင်ရာ အခွင့်အလမ်းများကို အင်တာနက်အသုံးပြုခြင်းအားဖြင့် ရှာဖွေခွင့်တွင်လည်း အကန့်အသတ်များစွာ ကြုံတွေ့ခဲ့ရသည်။

၅။ အာရက္ခတပ်တော်ထိန်းချုပ်ရာဒေသများတွင် အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရမှ ဖွင့်လှစ်ထားသော အင်တာနက်စင်တာများ ရှိနေသော်လည်း ဝန်ဆောင်မှု အသုံးပြုရန် စောင့်ဆိုင်းရခြင်း၊ ကုန်ကျစရိတ်ကြီးမားခြင်း နှင့် ဝန်ဆောင်မှုအသုံးပြုချိန် ကန့်သတ်ထားသည်ကို တွေ့ရသည်။ ထို့အပြင် အင်တာနက်စင်တာအများစုကို မြို့အတွင်းသာ အကန့်အသတ်ဖြင့်ခွင့်ပြုထားပြီး အင်တာနက်ရရှိနိုင်သည့် နေရာများသို့ သွားရောက်ရန် သဘာဝဘေးနှင့် လေကြောင်းအန္တရာယ်တို့ကို ကြုံတွေ့နေကြရသည်။ ထို့ကြောင့်ကျေးလက်နေပြည်သူများသည် သတင်းအချက်အလက်ရယူရာတွင်နှင့် ပြည်ပရှိ မိသားစု၊ ဆွေမျိုးများနှင့် ဆက်သွယ်နိုင်ရန် အခက်အခဲများစွာ ရှိနေဆဲဖြစ်သည်။ အဆိုပါ အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရ၏ နည်းပညာဌာနမှ စတားလင့် အင်တာနက် ငှားရမ်းသုံးစွဲခွင့် ပြဌာန်းချက်များကို ထုတ်ပြန်ထားသော်လည်း၊ လက်တွေ့တွင် စက်ပစ္စည်းတန်ဖိုးနှင့် လစဉ်ကြေးမှာ သာမန်ပြည်သူများအတွက် လက်လှမ်းမမှီနိုင်လောက်အောင် မြင့်မားနေသည်ကို တွေ့ရှိရသည်။

## ၄။ သုံးသပ်ချက်

၂၁ ရာစုတွင် ဖုန်းနှင့် အင်တာနက်ကဲ့သို့ တယ်လီဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများသည် ပြည်သူတစ်ယောက်ချင်းစီအတွက် မရှိမဖြစ်လိုအပ်သော နေ့စဥ်သုံးကုန်ဖြစ်သည်။ သို့သော် လက်နက်ကိုင်ပဋိပက္ခကြောင့် ပြတ်တောက်သွားခဲ့ရသော ဖုန်း နှင့် အင်တာနတ်လိုင်းများကို ရခိုင်ပြည်သူများ ပြန်လည်ပြည့်ဝစွာ အသုံးပြုနိုင်ရန် အခြေအနေမှာလည်း လက်ရှိကာလတွင် စိန်ခေါ်မှုများနေဆဲဖြစ်သည်။ ထို့ကြောင့် သမားရိုးကျအတိုင်းဆိုလျှင် ရခိုင်ပြည်သူများ ဖုန်းနဲ့ အင်တာနက်လိုင်းများကို ပြန်လည် သုံးစွဲနိုင်ရေးသည် စစ်ကော်မရှင်အစိုးရနှင့် အာရက္ခတပ်တော်ကြား စစ်ရေးအရ အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးအရ ငြိမ်းချမ်းရေးရရှိမှု အခြေအနေများနှင့် တိုက်ရိုက်ဆက်စပ်နေပေသည်။

တဖက်တွင် ပုံမှန်ဆက်သွယ်ရေးကွန်ရက်များသည် အချုပ်အချာအာဏာပိုင်အစိုးရ (ဥပမာ နေပြည်တော်အစိုးရ) ၏ ချုပ်ကိုင်မှုအောက်တွင်ရှိသော်လည်း ဆန်းသစ်သော စတားလင့်နည်းပညာ ဆက်သွယ်ရေးကွန်ရက်သည် (အမေရိကန်ပြည်ထောင်စုမှ လွှဲ၍) မည်သည့် အချုပ်အချုပ်အာဏာပိုင်အစိုးရ၏ ထိမ်းချုပ်မှုအောက်တွင်မျှ မရှိသောကြောင့် ပဋိပက္ခအတွင်း အင်တာနက်ရရှိရေးအတွက် အခွင့်အလမ်းတစ်ခု အဖြစ် ရှိနေပေသည်။ အာရက္ခတပ်တော်ထိန်းချုပ်နယ်မြေများရှိ ရခိုင်ပြည်သူများအတွက် အင်တာနက် ရရှိရေးသည် မျှော်လင့်ချက်တစ်ခုလည်း ဖြစ်ပေသည်။ သို့သော် လက်ရှိကာလအတွင်း လုံခြုံရေးဆိုင်ရာ စဥ်းစားချက်နှင့် တခြားသော ပြင်ပအကန့်အသတ်များကြောင့် မည်သည့်အတိုင်းအတာအထိ ပြည်သူများမှ လွတ်လပ်စွာ အသုံးပြုခွင့်ရနိုင်မည်မှာလည်း စောင့်ကြည့်ရမည့် အခြေအနေတစ်ခုဖြစ်ပေသည်။

တဖက်တွင် ရခိုင်ပြည်တွင်း မြို့နယ် (၃) ခုကိုသာ အုပ်ချုပ်နေရသော စစ်ကော်မရှင်သည်လည်း လုံခြုံရေးနှင့် ပြည်သူများအား ထိန်းချုပ်ရေးဆိုင်ရာ အကြောင်းပြချက်များဖြင့် ဖုန်းနှင့် အင်တာနက်ဆက်သွယ်ရေးများကို အဆိုပါ မြို့နယ်များတွင် ဆက်လက်ပိတ်ထားနိုင်သည်။ ထို့ကြောင့် ရခိုင်ပြည်တွင်းနေ ပြည်သူလူထုအများစုသည် ဖုန်းနှင့် အင်တာနက်ကဲ့သို့ ဆက်သွယ်ရေးကွန်ရက်များ အသုံးပြုခွင့်ရရှိရေးသည်၊ ရန်ကုန်၊ မန္တလေးအပါအဝင် တခြားသော ဒေသတွင်းနိုင်ငံများထက် များစွာအကန့်အသတ်ရှိနေနိုင်ပြီး သတင်းအချက်အလက်နှင့် အသိအမြင်တိုးပွါးပိုင်ခွင့်နယ်ပယ်များတွင် နောက်ကျကျန်ရစ်နေနိုင်ပေသည်။

အာရက္ခလေ့လာရေးစင်တာအကြောင်း

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရွေ့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒအကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

©၂၀၂၆ အာရက္ခပြည်။

ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org